# မာတိကာ


- အမှာ ၇
၁။ စန္ဒရားဆရာ ၉
[ဆရာ ဒဂုန်တာရာ]
၂။ မြစ်ကျွန်းပေါ် FLASH BACK ၂၃
[ဆရာ မောင်ထင်]
၃။ ပေါင်းလောင်းသို့ ကဗျာ ၃၅
[ဆရာ မြသန်းတင့်]
၄။ လင်းယုန်နဲ့ စာတောင် ၆၅
[လူထု ဒေါ်အမာ]
၅။ မဖြစ်နိုင်ခြင်း အနုပညာ ၇၃
[ဆရာ တက်တိုး]
၆။ လဟာရက်မှသည် ဗာရာဏသီသို့ ၈၇
[ဆရာ ပါရဂူ]
၇။ မြန်မာပြည်မြောက်ပိုင်း၏ ပထမရက်များ ၉၉
[ဆရာ နတ်နွယ်]
၈။ အညာသား ကဗျာဆရာ ၁၁၅
[ဆရာ အံ့မောင်]
၉။ အမြင့်ပျံ လင်းယုန် ၁၂၃
[ဆရာ လင်းယုန်မောင်မောင်]
၁၀။ မွှေးနှင့်အတူ ၁၄၅
[ဆရာမကြီး ဒေါ်ခင်နှင်းယု]
၁၁။ ပိတောက်သင်းသင်း၊ လမင်းဖွေးဖွေး၊ မိုးပြေးရနံ့ ၁၆၃
[ဆရာ တက္ကသိုလ်ဘုန်းနိုင်]
၁၂။ လာတော့မကွဲ့ ရွှေဗဟိုရ်၊ လေချိုက အသွေး ၁၇၇
[ဆရာကြီး မင်းသုဝဏ်]
၁၃။ ရသမွန် စာတမ်းများ၏ အလှ ၁၈၉
[ဆရာ အောင်သင်း]
၁၄။ အမေ ကဗျာဆရာ ၂၀၅
[ဆရာ မောင်စွမ်းရည်]


## အမှာ

ကျွန်တော့်တွင် အသံသွင်းကြိုးခွေ (တိပ်ခွေ) တော်တော်များများရှိသည်။ များသောအားဖြင့်က သီချင်းတိပ်ခွေတွေ ဖြစ်သည်။ အထူးသဖြင့်ကတော့ မြန်မာသံတွေ ဖြစ်၏။ တချို့ တိပ်ခွေကတော့ ကျွန်တော့်အလုပ်နှင့် ပတ်သက်သည့် လူပုဂ္ဂိုလ် တွေ့ဆုံမေးမြန်းထားသည့် အင်တာဗျူးတိပ်ခွေတွေ ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ရေးရာတွေ များပါသည်။ အထူးသဖြင့် ပညာရှင်များနှင့် တွေ့ဆုံ အသံသွင်းထားချက်တွေ ဖြစ်သည်။ သည်တိပ်ခွေတွေနှင့် အတူ အနုပညာရှင်တချို့၏ အသံတိပ်ခွေတွေလည်း ရှိသည်။

တချို့ မနက်ခင်းတွေမှာ သီချင်းနားထောင်ဖြစ်သည်။ တချို့ မနက်ခင်းတွေမှာတော့ စာပေပညာရှင်တွေရဲ့ အသံတွေကိုပဲ အမှတ်တရ နားထောင်ဖြစ်ပါသည်။ သည်အသံတွေက သီချင်းတွေလိုပဲ ခံစားမှု တစ်စုံတစ်ရာ ပေးမြဲဖြစ်သည်။ တချို့အသံတွေက ကျွန်တော့်ကို ပြောပြသည့် အသံတွေ။ တချို့ အသံတွေက အုပ်စုကလေးတစ်ခုကို ဆွေးနွေးထားသည့် အသံတွေ။ တချို့အသံတွေက ဟောပြောချက်တွေ။ တချို့ အသံတွေက ကျွန်တော့် မေးမြန်း တောင်းဆိုမှုက စီးဆင်းလာခြင်းဖြစ်ကာ၊ တချို့အသံတွေက အများကိုပြောသည့် အသံတွေဖြစ်သည်။

အကြောင်းအရာက စုံသည်။ တချို့က သူ့ဘဝ သူ့အကြောင်း၊ တချို့က သီးခြား အကြောင်းအရာကလေး တစ်ခုခု၊ တချို့က အမှတ်တရ စကား၊ တချို့က ကျယ်ပြန့်သော ခြုံငုံဆွေးနွေးချက်များ။ နောက်တစ်ချက်က ပြည့်ပြည့်စုံစုံ ပြောကြတာရှိသလို တချို့ ဖျတ်ခနဲ ပြောလိုက်တာမျိုးလည်း ရှိသည်။ သည်တိပ်ခွေထဲက အကြောင်းအရာတချို့ကို စာမျက်နှာပေါ်တင်လိုက်ခြင်းသာ



ဖြစ်သည်။ သည်စာစုအတွက် ခေါင်းစဉ်ကို ကျွန်တော် စဉ်းစားသည့်အခါ ကနေ့ခေတ်စားနေသည့် ‘Wild Geese Pattern’ ဆိုတာကို သတိရသည်။ ငန်းရိုင်းပျံ ပုံသဏ္ဌာန်။ ဒါပေမဲ့ ငန်းရိုင်းကို ကျွန်တော် မကြိုက်။ ပိုမို ပူနွေးသော အရပ်သို့ အုပ်စုဖွဲ့ပျံသန်းသော ငှက်တွေထဲမှာ ကြိုးကြာတွေလည်း ပါနိုင်သည်။ ကျွန်တော်တို့ ရှေ့က ပျံသန်းနေကြသည့် ကြိုးကြာငှက်များ၏ အသံတွေ။

ကျွန်တော့်မှာ တောင်းပန်စရာ တစ်ချက်တော့ ရှိသည်။ စာစုများအဖြစ် ဖော်ပြရန်အတွက် ဆရာ၊ ဆရာမကြီးများကို ကျွန်တော် မတောင်းပန်နိုင်ခဲ့ခြင်း ဖြစ်သည်။ ခွင့်မတောင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဤစာစုများဖြင့်သာ ကျွန်တော် တောင်းပန်အပ်ပါသည်။